# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၄)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၊ ၁၂-၁-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပ

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှ စတင်၍ သက်ဆိုင်ရာ မြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မဲရုံများအလိုက် မည်သည့်ဖိအား တစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက်

စာမျက်နှာ ၃ သို့ ❑



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မဲရုံအမှတ်(၄)၌ မဲဆန္ဒရှင်ပြည်သူများ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

## လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ ပါဝင်မှုနှင့် စွမ်းရည်များမြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကို (၁၃-၁-၂၀၂၆) ရက်နေ့မှ (၁၅-၁-၂၀၂၆)အထိ မြန်မာအပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၅ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့။

## လူမှုဘဝမြင့်မားလာစေမည့် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာရေး ဆောင်ရွက်ပေးလျက်ရှိ

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ကာ သတ်မှတ်အရည်အချင်း ကိုက်ညီသူများ ပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး လူမှုဘဝမြင့်မားလာစေမည့် ရာထူး၊ လစာ၊ အခွင့်အလမ်းကောင်းများ တိုးမြင့်လာစေရေး ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

လက်ရှိအချိန်၌ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှ အလယ်တန်းပြဆရာ၊ ဆရာမလောင်းများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ယာယီသမ္မတက ပညာရေးဒီဂရီကောလိပ်သင်တန်းပြီးမြောက်အောင်မြင်လာသော အလယ်တန်းပြဆရာ၊ ဆရာမလောင်းများနှင့် နိုင်ငံတစ်ဝန်း တာဝန်ထမ်းဆောင်လျက်ရှိကြသော အလယ်တန်းပြဆရာ၊ ဆရာမများ၏ ပညာသင်ယူမှုအခွင့်အလမ်းကို ဆက်လက်၍ လမ်းဖွင့်ပေးလိုပါကြောင်း၊ ထို့ကြောင့် ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကာ သတ်မှတ်အရည်အချင်းကိုက်ညီသူများ ဆရာအတတ်သင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ပညာရေးဘွဲ့ရရှိကာ အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်လျက် မဟာတန်း၊ ပါရဂူတန်းအထိ ဆက်လက်တက်ရောက်နိုင်ရေးအတွက် ပညာသင်ယူမှု အခွင့်အလမ်းများလမ်းဖွင့်ပေးရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း အခွင့်အလမ်းကောင်းများကို လက်ဆုပ်လက်ကိုင်ရယူပြီး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ မိမိတာဝန်ကို ကျေပွန်စွာ ကြိုးစားအားထုတ်ထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း၊ ဤသို့ဖြင့် အခြေခံပညာအထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာ၊ ဆရာမများ လိုအပ်ချက်ကို ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်မည်လည်း ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးဆိုင်ရာလိုအပ်ချက်၊ ဆရာ၊ ဆရာမလိုအပ်ချက်၊ တက္ကသိုလ်အဂါရပ်များနှင့် ပြည့်စုံအောင်ဖြည့်ဆည်းပေးရမည့် အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်၊ ဘဏ္ဍာငွေဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် အပ်နှင်းမည့်ဘွဲ့တို့ကို ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချောချောစိန်က ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဝန်ကြီးဌာနရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး ရာထူး၊ လစာ၊ အခွင့်အလမ်းများ တိုးမြင့်လာစေရေး ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ အခြေခံပညာအလယ်တန်းအဆင့် (Grade-6,7,8,9)အတန်းများတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများ ရရှိစေရေးအတွက် တစ်ပတ်လျှင် ၂ ချိန် သင်ကြားပို့ချပေးရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျောင်းသားလူငယ်များအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံဗဟုသုတများရရှိလာပြီး အထက်တန်းအဆင့်တက်လှမ်းပါက စက်မှု၊ စိုက်ပျိုးမွေးမြူရေးကျောင်းများသို့လည်းကောင်း၊ ပုံမှန်ဘာသာရပ်သင် အထက်တန်းကျောင်းများသို့လည်းကောင်း မိမိဝါသနာအလျောက် ရွေးချယ်တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဒီဂရီကောလိပ်များအနေဖြင့်လည်း အလယ်တန်းအဆင့်သင်တန်းများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခြေခံပညာကျောင်းများရှိ မူလတန်းပြနှင့် အလယ်တန်းပြဆရာ၊ ဆရာမများ၏ ပညာအရည်အချင်း၊ ရာထူးနှင့်လစာများ တိုးမြင့်လာကာ လူမှုဘဝမြင့်မားလာစေမည့် အခွင့်အလမ်းကောင်းများပေါ်ထွန်းလာစေရေး ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ညောင်ဦးမြို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်၊ နံနက် ၉ နာရီက ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသား၊ ကျောင်းသူလေးများက "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ကာ ညောင်ဦးခရိုင်ပညာရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က ကျောင်း၏ ပညာရေးအခြေအနေများနှင့် စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များအား ပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ဆုရရှိသူများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်း ဘက်စုံလှုပ်ရှားထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးစုံညီပွဲတော်အတွက် ကူညီပံ့ပိုးပေးကြသောအလှူရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက တန်းစဉ်အလိုက်၊ အဖွဲ့အလိုက် သီဆိုဖျော်ဖြေကြကာ ဘက်စုံပညာ တို့လှမ်းချီ သီချင်းဖျော်ဖြေ၍ ပညာရေးစုံညီပွဲတော် အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ (၄၈၁)

**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားနှင့် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ ၁၉ လမ်း၊ လမ်း ၆၀နှင့် ၆၁ လမ်းကြား၊ နန်းရှေ့ဘောလုံးကွင်းအနီးနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၄ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၈၃ လမ်း၊ ၁၄ လမ်းနှင့် ၁၅ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၆ လမ်း၊ ၁၀ လမ်းနှင့် ၁၁ လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊

အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ တက်ကြွစွာ လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❑ ရှေ့ဖုံးမှ

တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက် ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်မြို့နယ်ရှိ မဲရုံအမှတ် (၃) ၌ တာဝန်ကျ မဲရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လသာမြို့နယ်တို့ရှိ သက်ဆိုင်ရာမဲရုံများအလိုက်တွင် မဲရုံမှတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင် ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့်အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက် အတွေ့အကြုံများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မဲရုံအမှတ်(၄) ၌ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ဖြည့်စွက်ဖတ်ရှုနိုင်ပါရန်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိသည့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်ကြီးထောင့်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး" သတင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည့် အပိုဒ်၌ "ကန်ကြီးထောင့်ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သည့် ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့ဆက်သွယ်မည့် တံတားတစ်စင်း တည်ဆောက်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ ဘေလီတံတားတစ်စင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့တို့တွင် ၂၅ ခုတင်ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးနိုင်ပါရန် တင်ပြမှုနှင့်ပတ်သက်၍ ခုတင်- ၅၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခုတင်-၅၀ နှင့်ညီမျှသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ဟု ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကို မြို့နယ်ပေါင်း ၁၀၀ ၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကို ယနေ့နံနက် ၆ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၀ အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့တွင် ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် မချမ်းဘောမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်၊ ကရင်ပြည်နယ်တွင် ဖာပွန်မြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကျွန်းလှမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ရေဦးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ဂန့်ဂေါမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ ငဖဲမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ အမရပူရမြို့နယ်နှင့် မတ္တရာမြို့နယ်၊ မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဗဟန်းမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ကိုကိုးကျွန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် အင်းစိန်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ကလောမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပန်မြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် လဲချားမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ် စုစုပေါင်း မြို့နယ်ပေါင်း ၁၀၀ ၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါ မြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျ ရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။



ကလောမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး



ဆင်ပေါင်ဝဲမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး



မိုင်းရယ်မြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမှုနှင့် ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်။

**ကလောမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

မဲပေးရတဲ့ အတွေ့အကြုံကတော့ အစောကြီးထပြီး မဲပေးဖို့ကို ပြင်ဆင်နေတာပါ။ ၂၀၂၀ ပြည့်နှစ်တုန်းကတော့ ကျွန်မက နယ်ဘက်မှာ မဲပေးခဲ့ရတာပါ။ အဲဒီအချိန်တုန်းက ကိုယ့်နာမည်ကို ရှာမတွေ့တာနဲ့၊ နာမည်က လွဲနေတာတို့၊ အခက်အခဲလေးတွေ တော်တော်လေး ရှိခဲ့ရပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာ ခြစ်ပြီး မဲပေးရတာဆိုတော့ မှားသွားမှာကိုကြောက်ပါတယ်။ မဲပေးရတဲ့ အကွက်ထဲကနေများ ထွက်သွားမလား။ ပယ်မဲများ ဖြစ်သွားမလားဆိုပြီး ရင်တုန်ရပါတယ်။ အခုကျတော့ ခလုတ်ကလေးပဲ နှိပ်ရတာဆိုတော့ ကိုယ်ပေးချင်တဲ့ ပါတီကို ရှာလိုက်ပြီး မီးခလုတ်လေး စိမ်းပြီဆိုရင် ခလုတ်လေးကို နှိပ်လိုက်တာနဲ့ ဟိုဘက်မှာ စာရွက်လေးက ထွက်လာတယ်။ ကိုယ်ပေးတဲ့ ပါတီ၊ အဖွဲ့အစည်းက မှန်ရဲ့လားဆိုတာကို တစ်ခါပြန်ပြီး စစ်လို့ရတယ်။ မှန်ပြီဆိုမှ စာရွက်လေးက ကျသွားတာဆိုတော့ ပယ်မဲလည်း မဖြစ်ဘူးပေါ့။ စိတ်အေးရပါတယ်။ မျှော်လင့်တာတွေကတော့ အများကြီးရှိပါတယ်။ ဒီရွေးကောက်ပွဲကနေပြီးတော့ ကျွန်မတို့အနေနဲ့ ပထမဦးဆုံး ကလေးတွေရဲ့ ပညာရေးပေါ့နော်။ အဓိကကတော့ လုံခြုံရေးပေါ့။ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေးပေါ့။ အဲဒီအတွက်ကို အများကြီး မျှော်လင့်ထားပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးကဏ္ဍတွေလည်း အခုထက်ပိုပြီး ပြည့်စုံအောင်၊ ပိုမိုကောင်းမွန်စေဖို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် နယ်ဘက်တွေဆိုရင် ပညာရေးဆိုလည်း မြို့ပေါ်က လူတွေနဲ့ မမီဘူးပေါ့။ အဲဒါလေးတွေကို တစ်ပြေးညီ တိုးတက်လာဖို့ မျှော်လင့်ပါတယ်။ ဘယ်အဖွဲ့အစည်းပဲ အစိုးရဖွဲ့စည်းနိုင်ပါစေ ဒီအချက်လေးတွေကို လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

အခုလိုမျိုး မဲပေးစက်နဲ့ မဲပေးရတာက အများကြီး အဆင်ပြေပါတယ်။ အခုလိုမဲပေးရတဲ့အတွက်လည်း နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်တယ်လို့ ခံစားရပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်လို့လည်း အများကြီးတိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်။

**မိုင်းရယ်မြို့နယ်မှ မဲဆန္ဒရှင်တစ်ဦး**

အရင်တုန်းကတော့ တစ်ခါမှ မဲမပေးဖူးပါဘူး။ ဒါပထမဆုံး မဲပေးဖူးတာပါ။ စိတ်လှုပ်ရှားပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ဒေသကို အကျိုးရှိအောင်လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ မဲရုံမှာကျတော့ လူကြီးရော၊ လူငယ်ရော အများကြီးပဲ တွေ့ရပါတယ်။ တက်တက်ကြွကြွနဲ့ မဲပေးကြတာကို တွေ့ရပါတယ်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှသတင်းမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို သွားရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၃) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရွာငံမြို့နယ်



ဆီဆိုင်မြို့နယ်



မိုင်းရယ်မြို့နယ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၁

နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများပေးအပ်

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၌ မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ သိက္ခာတော်ရဆရာတော်များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယုံကြည်ကိုးကွယ်သည့် ဘာသာတရားပေါ်တွင် အခြေခံပြီးဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားပြီး တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန်၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းစွာ အတူလျှောက်လှမ်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘာသာရေးခေါင်းဆောင် ဆရာတော်များအနေဖြင့် စွမ်းနိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဦးတည်ချက် (၄) ရပ်တွင် ပထမအချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ရွေးကောက်ပွဲအတွက် ဒီဇင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲ အပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း (၂) ကို ယနေ့ကျင်းပပြီး ရွေးကောက်ပွဲအပိုင်း (၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

### ချမှတ်ဆောင်ရွက်လျက်ရှိ

ရွေးကောက်ပွဲပြုလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် အစိုးရသစ်ဖြင့် နိုင်ငံတော်တာဝန်များကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွား ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်စွမ်းအားစုများကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ဖြည့်စွက်ပံ့ပိုးပေးရန်လို

စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြစ်သည့် ( One Region One Product) ကုန်ထုတ်လုပ်ငန်းများတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်သော အရင်းအနှီး၊ နည်းပညာများကို ဖြည့်စွက်ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်မီးသည် အဓိက လိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကို ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြပါကြောင်း။

### အကျိုးများစွာခံစားရမည်

ရေအားလျှပ်စစ်သည် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြစ်ဆုံစီမံကိန်းအောင်မြင်ပါက ကချင်ပြည်နယ်နှင့် နိုင်ငံတော်၏ အကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိပြီး နောင်လာနောက်သားများ အကျိုးများစွာခံစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ရေလှောင်တမံတည်ဆောက်မှုနှင့်ပတ်သက်၍ ငလျင်ဒဏ်ခံနိုင်မှုအတွက် အဓိကထား တွက်ချက်ဆောင်ရွက်မှု အခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

### အသေးစိတ်ရှင်းလင်း

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မှု၊ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များကြောင့် ဧရာဝတီမြစ်ရေ ပုံမှန်အတိုင်း ဆက်လက်စီးဆင်းနိုင်မှု၊ မြစ်ကြောင်းတစ်လျှောက် ရေယာဉ်များ ပုံမှန်ခုတ်မောင်းသွားလာနိုင်မှု၊ ပြည်နယ်အတွင်းနှင့် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု၊ ဒေသခံပြည်သူလူထု စိုးရိမ်မှုမရှိစေရေး နည်းပညာပိုင်းဆိုင်ရာအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဒေသခံပြည်သူများအား အသေးစိတ်ရှင်းလင်းသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့်ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးဦးတင်အောင်စန်းနှင့်အဖွဲ့သည် ယမန်နေ့က ပြည်နယ်တရားလွှတ်တော် အဆောက်အအုံ အလျား ၂၀၆ ပေ၊ အနံ ၁၅၃ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကြည်ချောင်း ရေထိန်းတံခါး အကျယ် ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ် ရေထုတ်ရေထိန်းတံခါး ခုနစ်ပေါက် တည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရေကြည်ချောင်းရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ရှေ့ဖုံးမှ

ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက် ၈:၄၅ နာရီမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV-News၊ MRTV-NRC ၊ MRTV-Sports၊ MRTV Entertainment Channel များနှင့် mitv တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များမှလည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV Website ၊ MRTV App ၊ Radio App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၉)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ လိုက်လံကြည့်ရှု






**မန္တလေး ဇန်နဝါရီ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှ စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်း အပိုင်း(၂)တွင်ပါဝင်သော မြို့နယ်(၉)မြို့နယ်ရှိ သတ်မှတ်မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးလိုက်ပါပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုရာ မဲရုံများဖွင့်လှစ်ထားသည့် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁)ရှိ စံပြမဲရုံ၊ ဒေးဝန်း(အရှေ့)ရပ်ကွက်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မဟာအောင်မြေ(အရှေ့)ရပ်ကွက်ရှိ အေးငြိမ်းအောင်မြင်သိဒ္ဓိရှင် ဆုတောင်းပြည့်မြတ်စွာဘုရားမဲရုံ၊ ဟေမမာလာ(တောင်)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ထ-ခွဲ)၊ ရတနာဘုမ္မိ(အရှေ့)ရပ်ကွက်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၊ ဟေမမာလာ(မြောက်)ရပ်ကွက်ရှိ ဖျာတန်းရပ်မဲရုံသို့ သွားရောက်ကြည့်ရှုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိကျင်းပသော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအား ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းတွင် တွေ့ဆုံအားပေးကာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ထားသည့် (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည် ဓမ္မဗိမာန်၊(ဆ)ရပ်ကွက်ရှိ အမှတ်(၁၈)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ငွေတော်ကျီကုန်းရပ်ကွက်ရှိအမှတ်(၁၁)အခြေခံပညာအလယ်တန်းကျောင်း၊ ထိန်ကုန်းရပ်ကွက်ရှိ အမှတ်(၂၂)အခြေခံပညာအလယ်တန်းကျောင်း၊ တံခွန်တိုင်ရပ်ကွက်ရှိ နိဗ္ဗာနမုခဗိမာန်တော်၊ အမရပူရမြို့နယ်အတွင်း မှန်တန်းရပ်ကွက်ရှိ ရန်အောင်မြင်မြတ်စွာဘုရားပရဝဏ်နှင့် နန်းတော်ရာမဲရုံ၊ ဆင်စွယ်ပွတ်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ နတ်ရေကန်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(နတ်ရေကန်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ယန္တရား)၊ မြစ်ငယ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ စဥ့်ကိုင်မြို့နယ်အတွင်း ဆည်ရွာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၊ ပလိပ်ရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(စဥ့်ကိုင်)နှင့်အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)၊ တံတားဦးမြို့နယ်အတွင်းအမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၊ မြို့မရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)နှင့်အင်းဝခန်းမစသည်တို့တွင် ဖွင့်လှစ်ထားသည့် မဲရုံအသီးသီးသို့ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် လွတ်လပ်စွာ



ဆန္ဒမဲပေးနေမှုများ၊ သတင်းမီဒီယာများမှ လွတ်လပ်စွာ သတင်းရယူနေမှုများ ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်(၉)မြို့နယ်ပါဝင်ပြီး မဟာအောင်မြေမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၅၉၈ ဦးအတွက် မဲရုံပေါင်း(၇၀)ရုံ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀၃၅၁၄ ဦးအတွက် မဲရုံပေါင်း(၈၅)ရုံ၊ မတ္တရာမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၄၈၄၆၆ ဦးအတွက် မဲရုံပေါင်း(၃၁)ရုံ၊ အမရပူရမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၈၀၀၉၇ ဦးအတွက် မဲရုံပေါင်း(၁၀၀)ရုံ၊ တံတားဦးမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၃၈၃၉၂ ဦးအတွက် မဲရုံပေါင်း(၄၀)ရုံ၊ စဥ့်ကိုင်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၁၀၀၀၄ ဦးအတွက် မဲရုံပေါင်း(၁၁၉)ရုံ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင်ပေါင်း ၁၄၇၇၃၅ ဦးအတွက် မဲရုံပေါင်း(၂၀၀)ရုံ၊ ဝမ်းတွင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင်ပေါင်း ၁၆၆၄၅၈ ဦးအတွက်မဲရုံပေါင်း(၂၁၈)ရုံ၊ သာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၅၉၅၀၁ ဦးအတွက် မဲရုံပေါင်း(၂၁၀)ရုံ စုစုပေါင်းမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀၈၄၇၆၅ ဦးအတွက် မဲရုံပေါင်း ၁၀၇၃ ရုံကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဥ်)**





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် တိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအား ပို့ဆောင်နှုတ်ဆက်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းသို့ ရောက်ရှိပြီး နေပြည်တော်တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ရက်အထိ ကျင်းပသော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအား တွေ့ဆုံအားပေးခဲ့ပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး ဦးဆောင်၍ လူငယ်ကိုယ်စားလှယ်အမျိုးသား ၅ ဦး၊ အမျိုးသမီး ၅ ဦးနှင့် အုပ်ချုပ်သူ ၂ ဦး ပါဝင်ပြီး ခေါင်းစဉ်အကြောင်းအရာများအား ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သူ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများနှင့် ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးနိုင်သူ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ၊ ဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်ပြီး အပြုသဘောဆောင် ဆွေးနွေးပြောကြားနိုင်သူ ထူးချွန်သည့် လူငယ်ကိုယ်စားလှယ်များကို တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်နှင့် ပြင်ပအဖွဲ့အစည်းများမှ အဆင့်ဆင့်စိစစ်ရွေးချယ်ထားသူများဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









# ကျောက်ဆည်မြို့နယ်၌ ဆောင်းနေကြာ ၉၄၃၃ ဧက စိုက်ပျိုးထားရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း စားသုံးဆီ ဖူလုံပိုလျှံရေး ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးထားရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းရာသီ၌ ဆောင်းနေကြာ ၉၄၃၃ ဧက စိုက်ပျိုးထားရှိသည်။

ဆောင်းနေကြာသီးနှံများ စိုက်ပျိုးရာ၌ တိုက်နယ်(၁) ကျေးရွာအုပ်စု ခုနစ် အုပ်စု၌ ၇၇၅ ဧက၊ တိုက်နယ်(၂) ကျေးရွာအုပ်စု ငါး အုပ်စု၌ ၈၉၃ ဧက၊ တိုက်နယ်(၃) ကျေးရွာအုပ်စု ၁၀ အုပ်စု၌ ၇၅ ဧက၊ တိုက်နယ်(၄) ကျေးရွာအုပ်စု ရှစ် အုပ်စု၌ ၁၂၅၅ ဧက၊ တိုက်နယ်(၅) ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ၁၄၈ ဧက၊ တိုက်နယ်(၆) ကျေးရွာအုပ်စု ငါး အုပ်စု၌ ၁၁၃၆ ဧက၊ တိုက်နယ်(၇) ကျေးရွာအုပ်စု ၁၀ အုပ်စု၌ ၇၃၅ ဧက၊ တိုက်နယ်(၈) ကျေးရွာအုပ်စု ရှစ်အုပ်စု၌ ၁၈၆၆ ဧက၊ တိုက်နယ်(၉) ကျေးရွာအုပ်စု ငါးအုပ်စု၌ ၄၀၃ ဧက၊ တိုက်နယ်(၁၀) ကျေးရွာအုပ်စု ခြောက်အုပ်စု၌ ၈၄၂ ဧက၊ တိုက်နယ်(၁၁) ကျေးရွာအုပ်စု ခြောက်အုပ်စု၌ ၅၈၈ ဧက၊ တိုက်နယ်(၁၂) ကျေးရွာအုပ်စု ခြောက်အုပ်စု၌ ၇၁၇ ဧက စုစုပေါင်း ၉၄၃၃ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

(၄၈၅)

# မိုးလွန်ကာလ စုပေါင်းရေလောင်းပွဲတော် အခမ်းအနားကျင်းပ

**အောင်လံ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များအား ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိတော့မည် ဖြစ်သောကြောင့် မိုးလွန်ကာလ စုပေါင်းရေလောင်းပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်လံမြို့၊ ရွှေတင့်ဝမ်းမွေးမြူရေးဇုန်၊ အကွက်အမှတ်(၆၁)၌ ကျင်းပဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်တောဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၂၅ ခုနှစ် မိုးရာသီမှာ သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်ခြင်းများအပါအဝင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ တစ်ရွာ ၂ ဧက စိုက်ခင်းများ၊ ဘက်စုံသုံးစိုက်ခင်းများ၊ လမ်းဘေးဝဲယာ စိုက်ခင်းများ၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ လူထုဖြန့်ပျိုးပင်ဖြန့်ဝေပေးခြင်းတို့အတွက် စုစုပေါင်း ၂၅ သိန်းကျော် စိုက်ပျိုးခဲ့ပြီး၊ စိုက်ပျိုးပြီး သစ်ပင်များ ဆက်လက်ရှင်သန်ကြီးထွားဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေရန် ပြောကြားခဲ့သည်။



ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စိုက်ပျိုးထားသော ပျိုးပင်များအား ရေလောင်းခြင်းနှင့် ကောက်ရိုး၊ မြက်ရိုးများ ဖုံးအုပ်ပေးခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ရေလောင်းခြင်း ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(မျိုးသိန်း-ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



**မေး။ ။** ရွေးကောက်ပွဲပထမပိုင်းမှာ ၅၂ ရာခိုင်နှုန်းကျော် မဲပေးခဲ့တယ်လို့ သိရှိရပါတယ်။ မဲပေးရာမှာ ပြည်သူပြည်သားတွေ ပါဝင်အောင်လို့ ဘယ်လိုလုံခြုံရေးအစီအမံတွေ လုပ်ခဲ့လဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ အဓိကတော့ ကျွန်တော်တို့က ရွေးကောက်ပွဲအပိုင်း (၁) မှာ ပြည်သူတွေ မဲပေးတာ။ ပြည်သူတွေ မဲပေးတာ ကြည့်ရတာ တော်တော်လေးအားရဖွယ်ကောင်းတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ ဒါဟာအစိုးရရဲ့အောင်ပွဲလည်း မဟုတ်ဘူး။ ပြည်သူ့အောင်ပွဲ။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေ၊ ငြိမ်းချမ်းမှုကို လိုလားတဲ့ပြည်သူတွေရဲ့ အောင်ပွဲပါ။ အခု အပိုင်း (၂) မှာလည်း ခင်ဗျားတို့ ကျွန်တော်တို့ တွေ့ကြတာပဲ။ အပိုင်း (၂) မှာလည်း ရန်ကုန်မြို့ကို ရောက်နေတဲ့ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ဒီနေ့မဲရုံတွေကို လိုက်ကြည့်တယ်။ကြည့်တဲ့အခါမှာလည်း တော်တော့်ကို တက်တက်ကြွကြွမဲပေးနေကြတာကို မြင်တွေ့ခဲ့ရမှာပဲ။ ဥပမာ- ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင်လည်း ပြည်သူတွေနဲ့တွေ့ဆုံပြီး မေးမြန်းခဲ့တယ်။ မေးမြန်းခဲ့တဲ့အခါမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့မြင်လိမ့်မယ်။ မဲပေးစက်နဲ့ပတ်သက်ပြီးလည်း မဲပေးတဲ့ပြည်သူတွေကို သူကိုယ်တိုင်မေးတယ်။ ခင်ဗျားနှိပ်တဲ့ခလုတ်အတိုင်း စက္ကူကထွက်လားဆိုတော့ ထွက်တယ်ပေါ့နော်။ ဒါဟာ ပွင့်လင်းမြင်သာတဲ့ဟာပါပဲဗျ။ နောက်တစ်ခုကတော့ တချို့ဆိုရင် မနက် ၄ နာရီကတည်းကထပြီး မဲပေးကြရတာ။ အပိုင်း (၂) မှာလည်း ညနေမဲစာရင်းတွေပြီးရင်တော့ ထွက်လာမှာပေါ့ဗျာ။ အောင်မြင်မယ်လို့ ယုံကြည်တယ်။ အပိုင်း (၃) မှာလည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းက ၁၉၅၂ ခုနှစ်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲလုပ်ခဲ့တယ်။ အပိုင်းသုံးပိုင်းခွဲပြီး လုပ်တာ ၅ လလောက်ကြာတယ်။ အပိုင်းတစ်ပိုင်းကို (၇) ရက်လောက်၊ (၁၀) ရက်လောက်ကြာတယ်။ အဲဒီမှာ မဲပေးခွင့်ရှိတဲ့သူ ၈ သန်းမှာ ၁ ဒသမ ၅ သန်းပဲ ပေးတာဆိုတော့ ၂၀ ရာခိုင်နှုန်းလောက်အထိ ရောက်သွားတယ်။ အခုတော့ ကျွန်တော်တို့နိုင်ငံမှာ မဲပေးတာနဲ့ပတ်သက်ပြီး တချို့ပြောနေကြတာတွေရှိတယ်။ မဲပေးတာနဲ့ပတ်သက်ပြီး မဲမပေးဖို့လှုံ့ဆော်နေကြတာတွေရှိတယ်။ အတိုက်အခံလုပ်ကြတာပေါ့။ ဘယ်လိုပဲပြောပြော ဒီမိုကရေစီစနစ်ကို ထူထောင်တဲ့နေရာမှာ ရွေးကောက်ပွဲကနေပဲတစ်ဆင့် ဖြတ်သန်းရမှာဖြစ်တယ်။ ဒီနေ့ပြောချင်တာကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာ လုပ်ဆောင်ပေးတဲ့၊ လာပြီးမဲပေးတဲ့ ပြည်သူပြည်သားတွေအားလုံး၊ ပြီးရင် မဲရုံမှာကြီးကြပ်နေတဲ့လူတွေအားလုံး၊ လုံခြုံရေးဝန်ထမ်းတွေအပါအဝင် ကူညီတဲ့လူတွေအားလုံးက ပြည်သူကို စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့လုပ်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ကြောင်း ပြောချင်တယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာဆက်ဆံရေး တည်ဆောက်တဲ့အခါမှာ ဘာတွေဘယ်လိုအထိ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ကတော့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့ အခုချိန်မှာတော့ ပိတ်ဆို့တဲ့ဟာတွေ ရှိတာပေါ့။ ဒီဟာသည် ရွေးကောက်ခံအစိုးရမဟုတ်တဲ့အတွက် ပိတ်ဆို့တာတွေရှိတယ်။ သို့သော် ဆက်ဆံနေတဲ့နိုင်ငံတွေလည်းရှိပါတယ်။ ကျွန်တော်တို့ မိတ်ဆွေနိုင်ငံတွေလည်း အများကြီးရှိတယ်။ ဥပမာဆိုရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆိုရင် မြန်မာနိုင်ငံနဲ့က ဆက်ဆံနေတာပဲ။ တကယ့်ကို မိတ်ဆွေရင်းချာလိုပဲ ဆက်ဆံနေတာပဲ။ ဒီရွေးကောက်ပွဲပြီးတဲ့အခါမှာတော့ ခုနကပြောတဲ့ ကန့်သတ်ချက်တွေနည်းသွားတဲ့အတွက်ကြောင့် နိုင်ငံတကာဆက်ဆံရေး ပိုပြီးပွင့်လင်းလာမယ်။ ပိုပြီးမြင်သာလာမယ်လို့ပဲ ကျွန်တော်မြင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း မြန်မာနိုင်ငံမှာ ပိုပြီးဝင်လာမယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်ဗျ။ ဒီဟာနဲ့အတူ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးလည်း ပိုပြီးတော့စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးသွားရင် လွှတ်တော်ခေါ်မယ်၊ အစိုးရဖွဲ့မယ်၊ ပေါ်ပေါက်လာတဲ့အစိုးရသစ်ကို အာဏာလွှဲပြောင်းမှုတွေ လုပ်မယ်။ အဲဒီအချိန်ဇယားက ဘယ်နှလပိုင်းလောက်ဖြစ်မလဲ။ ပုံမှန်ဆိုရင်တော့ ဧပြီမှာ လွှဲတဲ့အခြေအနေမျိုးတွေရှိတာပေါ့၊ ဗိုလ်ချုပ် အနေနဲ့ ပြောပြလို့ရနိုင်လား။**

ဖြေ။ ။ လွှတ်တော်ကတော့ မတ်လထဲမှာ ခေါ်ပြီးလုပ်ရမှာပဲ။ လုပ်ပြီးရင် အစိုးရသစ်တာဝန်တွေကတော့ ဧပြီလထဲမှာထမ်းဆောင်မှာပဲ။ ယခင်တုန်းကလုပ်ခဲ့တဲ့ ပုံမှန်ဇယားတွေအတိုင်းပဲ လုပ်ပါလိမ့်မယ်။

**မေး။ ။ ကြိုတင်မဲနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများက ဗိုလ်ချုပ်မှူးကြီးကို တင်ပြတောင်းခံထားတာတွေရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ဒါကတော့ ကော်မရှင်ရဲ့ကိစ္စပဲ။ ကော်မရှင်က လုပ်ပါလိမ့်မယ်။ အဓိကတော့ ကြိုတင်မဲနဲ့ပတ်သက်ပြီး သူတို့ပြောနေတာများတယ်။ ကြိုတင်မဲရေတွက်တဲ့အခါမှာလည်း ကိုယ်စားလှယ်လောင်းတွေ အကုန်လုံးဖိတ်တာပဲ။ ခင်ဗျားတို့လည်း မြင်ပြီးသားပဲ။ ကျွန်တော် သိရသလောက် တချို့ကိုယ်စားလှယ်တွေက မလာဘူး။ မလာဘဲနဲ့ ပြောတာပေါ့နော်။ ဥပမာဆိုရင် မရမ်းကုန်းဆိုရင် ပထမအကြိမ်မှာ ပြီးသွားပြီ။ ခင်ဗျားတို့ ကျွန်တော်တို့လည်း ကြားခဲ့မှာပဲလေ။ ပုဂ္ဂလိက ကိုယ်စားလှယ်လောင်း ဒေါက်တာခင်ခင်ကျော့ သူဆိုရင် သူကိုယ်တိုင်လည်း ပြောခဲ့တာပဲ။ သူဆိုရင် တော်တော်လေးစားဖို့ကောင်းပါတယ်။ သူရှုံးခဲ့တယ်။ ကြိုတင်မဲတွေရေတွက်တဲ့ နေရာမှာ သူကိုယ်တိုင်လည်း သွားကြည့်တယ်။ သွားကြည့်တဲ့အခါမှာ ဒီလိုပဲ ပွင့်လင်းမြင်သာတာပါပဲ။ အကုန်လုံး ကျွန်တော်တို့က ကွယ်ဝှက်ပြီး လုပ်လို့မရပါဘူး။ ပွင့်လင်းမြင်သာစွာပဲ လုပ်ရတာပဲ။ သို့သော် ချို့ယွင်းချက်လေးတွေ ရှိတာကို ကျွန်တော်တွေ့ရတယ်။ ဘာချို့ယွင်းချက်ရှိတာလည်းဆိုတော့ ကိုယ်စားလှယ်လောင်းတွေကို မဲရေတွက်တဲ့အချိန် ခေါ်တဲ့အခါ မလာတာတွေရှိတယ်။ မလာဘဲနဲ့ ပြောနေတာတွေ ရှိတယ်။ ဒါ ကျွန်တော်တွေ့ခဲ့တဲ့ဟာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တစ်ဖက်သတ် ပြောခြင်းမဟုတ်ပါဘူး။ သို့သော် ချို့ယွင်းချက်တွေလည်း ရှိကောင်းရှိနိုင်တယ်။ ရှိရင်လည်း ကော်မရှင်နဲ့ရှင်းလို့ရပါတယ်။ ကော်မရှင်နဲ့ ပြောလို့ရပါတယ်။ အားလုံးပွင့်လင်းမြင်သာစွာပဲ သူတို့ဆောင်ရွက်ပေးပါလိမ့်မယ်။

**မေး။ ။ ဒီရွေးကောက်ပွဲအပေါ် နိုင်ငံတကာရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ နိုင်ငံတကာအမြင်ကတော့ ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲမှာ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ လာတယ်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က သေချာလေ့လာခဲ့တယ်။ လေ့လာပြီးမှ သူတို့တွေ့ပြီးတာတွေကို ပြောခဲ့တာရှိတယ်။ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခဲ့တာတွေရှိတယ်။ အနှစ်ချုပ်ပြန်ပြောရရင် နံပါတ်တစ်က မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို ဒီလောက်အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့ သူတို့ထင်မထားဘူး။ ဒီလောက်လူများလိမ့်မယ်လို့လည်း သူတို့ထင်မထားဘူး။ သူတို့သွားကြည့်တဲ့အခါမှာ မဲရုံမှာ တန်းစီပြီးတော့ လူတွေမဲပေးနေတာကို တွေ့ရတယ်။ ဒါကြောင့်မို့ သူတို့ကိုယ်တိုင်လည်း အံ့သြတယ်။ နောက်တစ်ခုကမဲပေးစက်ပေါ့။ မဲပေးစက်နဲ့ပတ်သက်ပြီး သူတို့ကိုယ်တိုင်လည်း လေ့လာခဲ့ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ မဲပေးစက်၊ ဘယ်လိုမှ လိမ်လို့မရတဲ့ မဲပေးစက်ဆိုပြီး ပြောသွားတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့စိတ်ကို သူတို့ ထုတ်ဖော်ပြီးတော့ ချီးကျူးသွားတာရှိတယ်။ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာလည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ သံရုံးတွေက စောင့်ကြည့်ရေးကိုယ်စားလှယ်တွေ သူတို့လွှတ်ထားတယ်။ အယောက် ၁၀၀ ကျော်ရှိတယ်။ အများအားဖြင့် မြို့ကြီးတွေမှာပဲ များတယ်။ အပေါ်မြို့တွေမှာ ရန်ကုန်၊ မန္တလေး၊ ပြီးရင် အောက်မှာ မော်လမြိုင်၊ ဟိုဘက်က တောင်ကြီးတို့၊ စစ်ကိုင်းတို့ အဲဒီအထိ လွှတ်ထားတာရှိပါတယ်။ သူတို့လည်း အလျဉ်းသင့်တဲ့အချိန်မှာ ဒီစောင့်ကြည့်ရေးအဖွဲ့တွေက သူတို့တွေ့တာနဲ့ ပတ်သက်ပြီး ပြန်ပြီးပြောပါလိမ့်မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ လူငယ်အဖွဲ့များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လူငယ်အဖွဲ့များအား လူငယ်ငြိမ်းချမ်းရေးဖိုရမ်အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။



(၉.၁.၂၀၂၆) ရက်နေ့တွင် နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။

◆ စာမျက်နှာ ၂၄ မှ

မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့်နေရာများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ်အရွယ်များမှစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့် လက်တွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသည့်ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရရှိမှုသတင်းအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိမှုသတင်းအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေပြုလုပ်ကိုင်ခြင်း မရှိစေရေးအတွက် မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဆက်လက်ဖော်ထုတ်ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သော စစ်ကြောင်းသည် ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် နားလင်း၏ အနောက်မြောက်ဘက် မိုင် ၁၀၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ကာကင်းအဖြစ် နေရာယူထားသည့် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ အဆိုပါနေရာ၌ ယာယီမိုးကာတဲငါးလုံး၊ ပစ်ကျင်းများ၊ ရှေ့ထွက်မိုင်းနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ မောင်းတံပါ ဂိတ်ကင်းတစ်ခုတို့ကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများအား ထပ်ကြပ်လိုက်လံရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် သီပေါမြို့နယ် နားလင်းကျေးရွာ၏ အနောက်မြောက်ဘက်မိုင် ၉၀၀၀ ခန့်အကွာ နေရာသို့ အရောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ သွပ်မိုးသွပ်ကာ လူနေအဆောက်အအုံ နှစ်လုံးအတွင်းမှ ကွန်ပျူတာ (Laptop) ၁၈ လုံး၊ ကွန်ပျူတာ (Desktop) ၃၅ လုံး၊ ဖုန်းမျိုးစုံ ၁၁ လုံး၊ Star Link ငါးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့များပါဝင်သည့် စစ်ကြောင်းသည် နယ်မြေ ရှင်းလင်းခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါနေရာ၏ အရှေ့ဘက် မိုင် ၈၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာတစ်ခုကိုတွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းစစ်ဆေးရာ ကွန်ပျူတာ (Laptop) ၁၁ လုံးနှင့် ကွန်ပျူတာ (Desktop)ခြောက်လုံး၊ Star Link သုံးလုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆေးပြားရိုက်စက်နှစ်လုံး၊ ဆေးမွှေစက်တစ်လုံး၊ ဆေးပြားရေတွက်စက်တစ်လုံး၊ အိုက်စ် နှစ်ကီလိုဂရမ်၊ ဆေးပြားရိုက်ရန် ရောစပ်ထားသည့်အနှစ် ၁၀ ကီလိုဂရမ်ပါပုံးတစ်ပုံး၊ ဖန်ပြွန်အရိုးတစ်ခု၊ မူးယစ်ဆေးဝါးချက်လုပ်ရန် ရောစပ်ထားသည့် အရည် ၁၀ လီတာပုံးတစ်ပုံး၊ Caustic Soda ၂၅ ကီလိုဂရမ်၊ Sodium Powder ၂၅ ကီလိုဂရမ်ပါအလုံး ၃၀၊ မော်တော်ယာဉ်တစ်စီး၊ မီးစက် နှစ်လုံး၊ ဘက်ဟိုးတစ်စီး၊ SSA တံဆိပ်ပါ အစိမ်းရောင်ယူနီဖောင်းတစ်စုံ၊ အပွင့်နှစ်ပွင့်ပါ ပခုံးတံဆိပ် တစ်စုံ၊ SSA တံဆိပ်ပါအစိမ်းရောင် ဦးထုပ်တစ်လုံး၊ အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များအရ လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်း စုံစမ်းဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး မိုင်းရယ်မြို့နယ်အတွင်း မသင်္ကာဖွယ် နေရာသုံးခုအား ဖော်ထုတ် တွေ့ရှိခဲ့ရသဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သော စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀၀၀ ခန့် အကွာ၊ မန်ဖြတ်ကျေးရွာအနီး ပထမနေရာတွင် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ယာယီတဲ ၁၄ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေရှိ အဆောက်အအုံခြောက်လုံး၊ ပလတ်စတစ်ပီပါခွံ အလုံး ၁၂၀၊ ဓာတုဆေးရည်များ ထည့်ထားသည့် သံပီပါအလုံး ၂၀၊ သံပီပါခွံ အလုံး ၃၀၊ ဂတ်စ်အိုး အလုံး ၆၀၊ စတီးပေါင်းအိုးကြီး လေးလုံး၊ အင်ဂျင်ကြီးနှစ်လုံး၊ အက်ဆစ်ပါ ပလတ်စတစ်ပီပါ ၆၇ လုံးနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၃၀ ခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မိုင် ၂၀၀၀၀ ခန့် အကွာရှိ ဒုတိယနေရာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၁၅ ပေ၊ အနံပေ ၂၀ ရှိ ပလတ်စတစ်ကာ အဆောက်အအုံအလုံး ၅၀၊ ဖျက်ဆီးထားသည့် အဆောက်အအုံ ၁၅ လုံး၊ ဂတ်စ်အိုးအလုံး ၆၀၀၊ ရေခဲသေတ္တာ ၁၀ လုံး၊ မီးစက် သုံးလုံး၊ ပေါင်းအိုးအကြီး သုံးလုံး၊ ဆေးပြားရိုက်စက် သုံးလုံး၊ ဓာတုဆေးရည် ထည့်ထားသည့် ပီပါအလုံး ၅၀၀၊ မူးယစ်ဆေးမှုန့်များဟု ယူဆရသည့် အဖြူမှုန့်များ ထည့်ထားသည့် ဆာလာအိတ် ၃၀၀၊ ပလတ်စတစ်အိတ်အကြည် အိတ် ၃၀၀၊ ငါးဂါလန်ဆံ့ အက်ဆစ်ပုံး အလုံး ၃၀၀၊ စတီးဗန်းကြီး ခြောက်ချပ်၊ အမျိုးအစား(စိစစ်ဆဲ) အဖြူရောင်အမှုန့်များပါဝင်သည့် စက္ကူဖာပုံး ၃၀၊ ဆာလာအိတ်ဖြင့် ထည့်ထားသည့် (စိစစ်ဆဲ) အဖြူရောင်အမှုန့် အထုပ် ၃၀၀၊ ဆိုင်ကယ်ငါးစီး၊ အဆိုပါ မူးယစ်ဆေးဝါးလုပ်ငန်းများတွင် SSA အဖွဲ့မှ ပါဝင်ပတ်သက်နေသူများ အပါအဝင် တရားခံခြောက်ဦးတို့အား SSA တံဆိပ်ပါ ယူနီဖောင်းနှင့် တံဆိပ်များအပါအဝင် အခြား ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် မိုင် ၁၉၀၀၀ ခန့်အကွာတွင် မူးယစ်ဆေးဝါးအဓိကချက်လုပ်သည့် နေရာဟုယူဆရသော (၇)နေရာ ပတ်ဝန်းကျင်သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲနှင့်



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများ။

ဆက်စပ်ပစ္စည်းထားသည့် ဂိုဒေါင် ၃၃ လုံးအား တွေ့ရှိရပြီး လတ်တလောစိစစ်ပြီးအချိန်အထိ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဂတ်စ်အိုးမျိုးစုံ ၄၄၃ လုံး၊ ဖိုင်ဘာပီပါ ၁၃၁၂ လုံး၊ သံပီပါ ၃၃၆ လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ Caustic Soda ၈၅ အိတ်၊ Sodium Acetate Trihydrate 20 kg ပါအိတ် လေးအိတ်စီပါရှိသည့် ပီပါလေးလုံး၊ Sulphonic Acid Liquid ပီပါ ၂၁ လုံး၊ တင်ဒါပီပါ ရှစ်လုံး၊ အမျိုးအမည် (စိစစ်ဆဲ) အညိုရောင်ပီပါ ငါးလုံး၊ ဖန်အိုး(အသေး) ၅၂၅ လုံး၊ ဖန်ပေါင်းအိုးကြီး ၁၀ လုံး၊ Ethnol ပီပါအလုံး ၄၀၊ အဖြူရောင်အနှစ်များ ထည့်သွင်းထားသည့် စတီးဇလုံအလုံး ၁၅၀၊ အခြောက်ခံဗန်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကျန်ရှိသည့်ပစ္စည်းများကိုလည်း ဆက်လက်စိစစ်ဖော်ထုတ်ဆဲ ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လိုအပ်သည့်ပဏာမ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ (Heroin) နှင့် မက်သ်အဖက်တမင်း (Methamphetamine) များ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ကနဦးဖော်ထုတ်တွေ့ရှိရပြီး အသေးစိတ်ဆက်လက်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျ စိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတစ်ဝန်း မူးယစ်းဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ယခုဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းပေါ်တွင် အကြမ်းဖက်သမားများ သဲအိတ်များ/ကျောက်ခဲအိမ်များတင်ဆောင်၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းနှင့် ဘုရားစေတီများ၌ အကြမ်းဖက်သမားများက ဆက်သွယ်ရေးမြောင်းများတူး၍ သဲအိတ်ဘန်ကာများဖြင့် အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။

❐ စာမျက်နှာ ၂၄ မှ
အထောက်အပံ့ကိုရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသည့်ဒေသများ၌ ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ဘုရားစေတီပုထိုးများ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်၌ လက်လုပ်မိုင်း အတားအဆီးများ ထောင်ထားခြင်းများနှင့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာ၍ အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးချခြင်းတို့ကိုပါ လုပ်ဆောင်လျက်ရှိကြသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူအပေါ် ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်မှု လုပ်ရပ်များ လုပ်ဆောင်နေကြသည့် အကြမ်းဖက်သမားများအား တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter–Torrorism Operation) ဖြင့် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ နွယ်တမယ်ကျေးရွာအား ဇန်နဝါရီ ၁၀ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၁ ရက်တွင် နွယ်တမယ်ကျေးရွာအား





စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပြည်သူများ၏ခြံဝင်းအတွင်းနှင့် နေအိမ်များအား ဝင်ရောက်ဖျက်ဆီး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားအား ဖျက်ဆီး၍ ခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။



စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီးကျောင်းဝင်းတံခါးအား ခံစစ်ပြင်ဆင်မှုလုပ်ငန်းများတွင်အသုံးပြုရန် ဖျက်ဆီးထားရှိမှုအား တွေ့ရစဉ်။

တပ်မတော်က နယ်မြေရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်းမှ အကြမ်းဖက်သမားအလောင်းတစ်လောင်း၊ လက်ပစ်ဗုံးလေးလုံး၊ လက်လုပ်မိုင်း ၁၁ လုံး၊ ၄၀ မမ ဗုံးသီး နှစ်လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးထုပ် ငါးလုံး၊ ပြောက်ကျားယူနီဖောင်းလေးစုံ၊ စကားပြောစက် သုံးလုံးနှင့် အကြမ်းဖက်တံဆိပ်ဘတ်တစ်စုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ တံတားဦးဘုန်းတော်ကြီးကျောင်း၊ ပဒေသာဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းနှင့် ခြံဝင်းများအတွင်း၌အခြေပြု၍ ဘန်ကာများ၊ သဲအိတ်များ၊ ကတုတ်ကျင်းများဖြင့် အခိုင်အမာ ခံစစ်တည်ဆောက်ပြီးဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ တန်ဆောင်းများနှင့် စာသင်ကျောင်းများကို အကာအကွယ်ရယူ၍ ခုခံတိုက်ခိုက်ခြင်း၊ ကျေးရွာတံတားအား ဖောက်ခွဲဖျက်ဆီးပြီး အကာအကွယ်ပြုလုပ်ထားခြင်း၊ ဘုန်းတော်ကြီး ကျောင်းဝင်းများနှင့် ကျေးရွာလမ်းများ၌ လက်လုပ်မိုင်းများ ထောင်ထားခြင်းတို့ လုပ်ဆောင်ထားသည်ကို တွေ့ရှိခဲ့ရကြောင်းနှင့် ကျေးရွာအတွင်း၌ လက်လုပ်မိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများအား အဓိကထား ဖောက်ခွဲဖျက်ဆီးခြင်း၊ အဆိုပါနေရာများသာမက ပြည်သူများ အထွတ်အမြတ်ထားရာ ဘာသာတရားအသီးသီးအတွက် အလေးအမြတ်ထားရာ နေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံများအထိပါ ဘန်ကာများတည်ဆောက်၍ အကာအကွယ်အဖြစ် ခုခံတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း တပ်မတော်အပေါ် ယုံကြည်ကိုးစားမှု၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြကြောင်းနှင့် တပ်မတော်အနေဖြင့်လည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လူမှုဘဝ တိုးတက်မြင့်မားမှုများ ပြန်လည်ရရှိစေရေးအတွက် ပြည်သူလူထုနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာအား တိုက်ခိုက်သိမ်းပိုက်စဉ် ရန်သူ့ထံမှ သိမ်းပိုက်ရရှိသော လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းတွင် အကြမ်းဖက်သမားများ ဆက်သွယ်ရေးမြောင်းများတူး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုအား တွေ့ရစဉ်။




# ၂၀၂၆ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး ကစားသမားအဖြစ် ယာမဲလ် သတ်မှတ်ခြင်းခံရ



ဘာစီလိုနာ ဇန်နဝါရီ ၁၁

၂၀၂၆ခုနှစ်အတွက် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးကစားသမားအဖြစ် ဘာစီလိုနာအသင်းနှင့် စပိန်အသင်းတောင်ပံကစားသမား ယာမဲလ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း CIES Football Observatory က ထုတ်ပြန်ကြေညာခဲ့သည်။

CIES Football Observatory ၏ ထုတ်ပြန်ချက်အရ ယာမဲလ်က တန်ဖိုး ယူရို ၃၄၃ ဒသမ ၁သန်းဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ပြီး ၎င်းနောက်တွင် ဟာလန်း၊ ဘာပေ၊ ဘယ်လင်ဟမ်၊ အိုလီဆေး၊ ဗက်ဇ်၊ ဒူးအေးနယ်ဗက်စ်၊ ဂူလာနှင့် ပီဒရီတို့ အသီးသီးရပ်တည်လျက်ရှိသည်။

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် လွတ်လပ်သည့် သုတေသနနှင့် သင်ကြားရေးစင်တာက ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည့် CIES Football Observatory သည် ကစားသမား၏ စွမ်းဆောင်ရည်၊ အသက်၊ ပွဲကစားရသည့် မိနစ်၊ သွင်းဂိုး၊ စာချုပ်သက်တမ်း၊ ဈေးကွက်အခြေအနေစသည့် အချက်အလက်များပေါ်မူတည်၍ တွက်ချက်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

(အပေါ်ပုံ) (NGB)

# တူရကီစူပါဖလား ချန်ပီယံဆုအား ဖီနာဘာချီအသင်း ဆွတ်ခူး



လန်ဒန် ဇန်နဝါရီ ၁၁

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ တူရကီစူပါဖလား ချန်ပီယံဆုအား ဖီနာဘာချီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဖီနာဘာချီအသင်းသည် တူရကီစူပါဖလား ဗိုလ်လုပွဲစဉ်တွင် ဂါလာတာစာရေးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်း ထုတ်ပြန်ချက်တွင် "တူရကီစူပါဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဂုဏ်ယူဝမ်းသာမိပါတယ်။ အသင်းအား ချန်ပီယံဆု ရရှိအောင်အစွမ်းကုန် ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

# ဘာလော့တယ်လီ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ အယ်လ်အစ်တီဗတ်အသင်း ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၁

ယူအေအီးကလပ် အယ်လ်အစ်တီဖတ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဘာလော့တယ်လီအား ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဘာလော့တယ်လီသည် ကစားသမားဘဝတစ်လျှောက်တွင် အင်တာမီလန်၊ မန်စီးတီး၊ အေစီမီလန်၊ လီဗာပူး၊ နိုက်စ်၊ မွန်ဇာနှင့် ဂျီနိုအာ စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်အစ်တီဖတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အယ်လ်အစ်တီဖတ်အသင်း ထုတ်ပြန်ချက်တွင် "ဘာလော့တယ်လီကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)
(NGB)



# ဘရက်ဒ်လေ ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၁

လီဗာပူးအသင်း နောက်ခံကစားသမား ဘရက်ဒ်လေ ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘရက်ဒ်လေ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဘရက်ဒ်လေသည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲပါဝင်ကစားပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ) (NGB)

# အိုစကာမင်ဂွါဇာအား ခေါ်ယူရန် နယူးကာဆယ်အသင်းစီစဉ်

လန်ဒန် ဇန်နဝါရီ ၁၁

နယူးကာဆယ်အသင်းသည် ဆဲလ်တာဗီဂိုအသင်း နောက်ခံကစားသမား အိုစကာမင်ဂွါဇာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဆဲလ်တာဗီဂိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၁ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဆဲလ်တာဗီဂိုအသင်းကလည်း အိုစကာမင်ဂွါဇာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် ဆဲလ်တာဗီဂိုအသင်းထံမှ အိုစကာမင်ဂွါဇာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)



# အာဖရိကနိုင်ငံများဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

လန်ဒန် ဇန်နဝါရီ ၁၁

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မော်ရိုကိုအသင်းနှင့် နိုင်ဂျီးရီးယားအသင်း၊ ဆီနီဂေါအသင်းနှင့် အီဂျစ်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။

အာဖရိကနိုင်ငံများဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ (၁၄၊ ၁၅)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာပုံ)
(NGB)



# အပျော်တန်းကလပ်အသင်းအား အရေးနိမ့်သည့် ပထမဆုံး အက်ဖ်အေဖလား ချန်ပီယံအဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်း မှတ်တမ်းဝင်

လန်ဒန် ဇန်နဝါရီ ၁၁

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နှစ်ပေါင်း ၁၀၀ကျော်အတွင်းအပျော်တန်းကလပ်အသင်းအား အရေးနိမ့်သည့် ပထမဆုံးအင်္ဂလိပ်အက်ဖ်အေဖလားချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လက်ရှိချန်ပီယံ ခရစ္စတယ်ပဲလေ့စ်အသင်းသည် အင်္ဂလိပ်အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် မက်ကယ်စဖီးလ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



ခရစ္စတယ်ပဲလေ့စ်အသင်း ပရိသတ်များကလည်း မက်ကယ်စဖီးလ်အသင်းအား ရှုံးနိမ့်ခဲ့မှုအပေါ် အလွန်အမင်း စိတ်ပျက်ခဲ့ကြသည်။

မက်ကယ်စဖီးလ်အသင်းသည် ၂၀၂၀ပြည့်နှစ်က ကြွေးမြီကြောင့် ဖျက်သိမ်းခဲ့ရသည့် မက်ကယ်စဖီးလ်တောင်းအသင်း အစားထိုးတည်ထောင်ထားသည့် အသင်းတစ်သင်းဖြစ်သည်။

(ဝဲပုံ) (NGB)

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၃-၁-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁၇)ဂျီနိုအာ - ကက်ဂလီယာရီ(၁၄)<br>(L,L,L,D,D) (L,D,W,L,D) | ဂျီနိုအာ ၂-၂ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၁-၁ ဂျီနိုအာ |
| ၁၃-၁-၂၀၂၆<br>နံနက် ၀၂း၁၅ နာရီ | (၅)ဂျူဗင်တပ် - ခရီမိုနီဆီ(၁၃)<br>(W,W,W,D,W) (L,D,L,L,D) | ဂျူဗင်တပ် ၂-၀ ခရီမိုနီဆီ<br>ခရီမိုနီဆီ ၀-၁ ဂျူဗင်တပ် ၂၀၂၂-၂၃ |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၃-၁-၂၀၂၆<br>နံနက် ၀၂း၃၀ နာရီ | (၁၃)ဆီဗီလာ - ဆဲလ်တာဗီဂို(၇)<br>(D,W,L,L,L) (L,W,L,D,W) | ဆီဗီလာ ၁-၀ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၃-၂ ဆီဗီလာ |

## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၂-၁-၂၀၂၆<br>တနင်္လာနေ့ | ညနေ၄း၀၀နာရီ | (၁၀)ရှိုင်း - ရန်ကုန်(၂)<br>(W,L,W,D,L) (W,W,D,D,W) | ရှိုင်း ၀-၅ ရန်ကုန်<br>ရန်ကုန် ၂-၀ ရှိုင်း |

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ်ကိုးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေးကြ



ကိုထွန်းထွန်းဝင်း



ဦးထွန်းဦး



ဒေါ်အိအိသိမ့်



မမေမီဝင်း



ဒေါ်ယဉ်ယဉ်မြင့်



ကိုခန့်ဟိန်း

မန္တလေး ဇန်နဝါရီ ၁၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန်ကြေညာထားသည့် မြို့နယ်ပေါင်း ၁၀၀ ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ တစ်ချိန်တည်းတစ်ပြိုင်တည်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးကြသည်။

"ဒီနေ့မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ မဲပေးစက်နဲ့ပေးခဲ့ရတဲ့အတွက် စိတ်တိုင်းကျမှုရှိပါတယ်။ မဲရုံတာဝန်ရှိသူတွေက ကျွန်တော်တို့လို မဲလာရောက်ပေးတဲ့သူတွေ အခက်အခဲမရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးတာက ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ မဲပေးပြီးတဲ့ နောက်မှာလည်း စိတ်ထဲမှာ ပျော်ရွှင်မိပါတယ်။ ပြည်သူတွေ မဲပေးရွေးချယ်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ နိုင်ငံအတွက်အကောင်းဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်။ မင်စွန်းနေတဲ့ လက်ကိုကြည့်ပြီး ပျော်ရွှင်မိပါတယ်" ဟု မဲလာရောက်ပေးသည့် ကိုထွန်းထွန်းဝင်းက ပြောကြားသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျဖွင့်လှစ်ပေးရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆန္ဒမဲများ လာရောက်ပေးကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရန် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

"ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ မဲရုံတွေအားလုံးကို အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။ ဆန္ဒမဲပေးတဲ့ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ အစားအစာတွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ မဲရုံတိုင်းမှာ သယ်ယူပို့ဆောင်ရေးအတွက် ကားတွေအဆင်သင့်ပြင်ဆင်ထားပါတယ်။ ပြည်သူတွေ တန်းစီစောင့်ဆိုင်းရတာ မကြာအောင် စီမံဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲအပိုင်း(၂) မှာ ပြည်သူတွေအနေနဲ့ အားကြိုးမာန်တက် ဆန္ဒမဲပေးကြဖို့ ဖိတ်ခေါ်လိုပါတယ် "ဟု အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဦးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲ အပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် စသည့် မြို့နယ်ကိုးမြို့နယ်ပါဝင်ပြီး အဆိုပါမြို့နယ် ကိုးမြို့နယ်ရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀ သိန်းကျော်အတွက် မဲရုံပေါင်း ၁၀၈၃ ရုံကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြကြောင်း သိရသည်။

"ကျွန်မတို့ မဲရုံမှာတော့ ကြိုတင် ပြင်ဆင်မှုတွေအားလုံး ပြုလုပ်ထားပါတယ်။ မဲပေးစက် ၁၀ လုံးရှိပြီး ဆန္ဒမဲပေးမယ့် အရေအတွက်ကတော့ ၄၁၄၃ ဦးရှိပါတယ်။ အမရပူရမြို့နယ်မှာတော့ မဲရုံပေါင်း ၁၀၀ ရှိပါတယ်။ မှန်တန်းရပ်ကွက်မှာတော့ မဲရုံ ၁၁ ရုံ ရှိပါတယ်။ မဲလာရောက်ပေးတဲ့သူတွေ အဆင်ပြေစေဖို့ တာဝန်တွေ ထပ်တိုးပြီး ဆောင်ရွက်ပေးထားပါတယ်။ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ မုန့်တွေလည်း စီစဉ်ပေးထားပါတယ်။ ဒါကြောင့် မဲရုံမှာ ပြည်သူများစိတ်အေးချမ်းသာစွာနဲ့ လာရောက်မဲပေးနေကြပါပြီ" ဟု အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ မဲရုံအမှတ် (၇) တွင် တာဝန်ကျသည့် မဲရုံမှူး ဒေါ်အိအိသိမ့်က ပြောပြသည်။

ယခု ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းကို လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးနိုင်ခဲ့ကြသည်။

"ဆန္ဒမဲပေးရတာ အဆင်ပြေပါတယ်။ မဲပေးတဲ့နေ့မှာ အလုပ်ရှိနေလို့ မနက်အစောကြီးထပြီး မဲအရင်လာပေးတာဖြစ်ပါတယ်။ မဲပေးတဲ့စက်နဲ့ မဲပေးရတာမို့ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ မဲပေးပြီးတော့ စိတ်ထဲမှာ နိုင်ငံသား တစ်ယောက်အနေနဲ့ တာဝန်ကျေတဲ့ ခံစားမှုမျိုးရပါတယ်။ ကိုယ်မဲပေးခဲ့သူတွေ ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရရင် နိုင်ငံနဲ့ပြည်သူအတွက် အထောက်အကူ ပြုမယ်လို့ ယုံကြည်ပါတယ်။ မဲပေးခဲ့တဲ့ လက်သန်းမှာ မင်စွန်းနေတာကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်" ဟု မဲလာရောက်ပေးသည့် မမေမီဝင်းက ပြောသည်။

ထိုသို့ ပြည်သူများ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ လျင်မြန်စေရန်အတွက် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည့်အတွက် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

"ဒီနေ့ လာရောက်မဲပေးတဲ့အခါမှာ မဲပေးစက်နဲ့ စနစ်တကျ ခလုတ်ကလေးနှိပ်ပြီး အဆင်ပြေစွာနဲ့ မဲပေးခဲ့ရပါတယ်။ မဲပေးစက်အပေါ်မှာလည်း ယုံကြည်မှုအပြည့်အဝရှိပါတယ်။ မဲပေးပြီးတဲ့အခါ ကျွန်မတို့ မြန်မာနိုင်ငံကြီး အေးချမ်းသွားဖို့ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် စိတ်ထဲမှာပေါ့သွားသလို ခံစားရပါတယ်။ မဲပေးတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရတာလည်း အဆင်ပြေပါတယ်။ မင်စွန်းနေတဲ့ လက်သန်းကိုကြည့်ပြီး ဂုဏ်ယူမိပါတယ်" ဟု မဲလာရောက်ပေးသည့် ဒေါ်ယဉ်ယဉ်မြင့်က ပြောသည်။

သက်ဆိုင်ရာမဲရုံများအလိုက် ပြည်သူများ ဆန္ဒမဲပေးကြပြီး မဲရုံများ ပိတ်သိမ်းပြီးသည့်အခါ မဲပေးစက်မှထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာမဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်းမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ မဲရေတွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

"ကျွန်တော့်အတွက် ပထမဆုံးမဲပေးရတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒါကြောင့် မဲပေးရတာ ဝမ်းသာမိပါတယ်။ မဲပေးစက်နဲ့ မဲပေးရတာ အဆင်ပြေသလို တာဝန်ရှိသူတွေက လိုအပ်တာကို ကူညီ ဆောင်ရွက်ပေးပါတယ်။ မဲပေးစက်အပေါ်မှာလည်း ယုံကြည်မှုရှိပါတယ်။ ဒီနေ့မဲပေးပြီးတဲ့အခါ ကိုယ့်ကိုယ်ကိုယ် နိုင်ငံသား တစ်ယောက်အနေနဲ့ တာဝန်ကျေပွန်သွားပြီလို့ ခံစားလိုက်ရပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကိုယ်မဲပေးလိုက်တဲ့ ကိုယ်စားလှယ် အနိုင်ရသွားခဲ့ရင် နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အားကစားကဏ္ဍတွေ တိုးတက်အောင် ဆောင်ရွက်စေလိုပါတယ်။ နိုင်ငံကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မဲလာရောက်ပေးသည့် ကိုခန့်ဟိန်းက ပြောသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စား လှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ် ၁၀၄၂ (ဆင်ကအုတ် တိုက်ရှည်) ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်

**ပုဂံ ဇန်နဝါရီ ၁၁**

လွန်ခဲ့သော နှစ်အနည်းငယ်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ခြင်းကြောင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အစရှိသော သဘာဝဘေးဒဏ်များကို ခံစားခဲ့ရပြီး ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည်လည်း မိုခါမုန်တိုင်းနှင့် ရာဂီမုန်တိုင်းဒဏ်ကြောင့် ရှေးဟောင်းအဆောက်အအုံများ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ တာဝန်ရှိသူများထံက သိရသည်။

အဆိုပါထိခိုက်ပျက်စီးမှုများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ပုဂံဌာနခွဲက ရှေးမူလက်ရာမပျက် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ရာဂီမုန်တိုင်းတိုက်ခတ်၍ ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံအမှတ်-၁၀၄၂ (ဆင်ကအုတ်တိုက်ရှည်)အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းအဆောက်အအုံအမှတ်-၁၀၄၂(ဆင်ကအုတ်တိုက်ရှည်)သည် ရာဂီမုန်တိုင်းဒဏ်ကြောင့် တောင်ဘက်ခြမ်းနံရံနှင့် အမိုးပေါင်းကူးထိခိုက်ပျက်စီးခဲ့ပြီး ကနဦးအနေဖြင့် အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သော အစိမ်းစ ကာရံခြင်း၊ မိုးကာအုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ထိခိုက်ပျက်စီးထားသော သဲခဲများကို စနစ်တကျ ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် ငြိမ်းဆင်၍ ဆွေးမြေ့အုတ်များ ဖယ်ထုတ်ခြင်း၊ ထိန်းသိမ်းရေးမူဝါဒနှင့်အညီ အုတ်စီခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညီမွန်း ဦးဆောင်သော အရာထမ်း၊ အမှုထမ်းများအဖွဲ့သည် ရှေးဟောင်းအဆောက်အအုံအမှတ် -၁၀၄၂ (ဆင်ကအုတ်တိုက်ရှည်)သို့ သွားရောက်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(၄စ၁)**

၀-၀-၀-၀

## တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး မိဘများနှင့် တွေ့ဆုံဆွေးနွေး

**အောင်လံ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အောင်လံမြို့နယ်အတွင်း အ.ထ.က (၁) ကျောင်းများမှ Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာများ ဆွေးနွေးပို့ချခြင်းကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆရာမကြီး ဒေါ်စိုးမာလာခိုင်က အမှာစကားပြောကြားခဲ့ပြီး ဆရာမ ဒေါ်အေးချမ်းမိုးက အင်္ဂလိပ်ဘာသာရပ်ကိုလည်းကောင်း၊ ဆရာမ ဒေါ်ဝေဝေလွင်က ဓာတုဗေဒ ဘာသာရပ်ကိုလည်းကောင်း အသီးသီး ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ဈေးကွက်၌ တရုတ်ပြည်တွင်း အမှတ်တံဆိပ်များ ဈေးကွက်ဝေစု ပိုမိုရယူနိုင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၁၁**

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ဈေးကွက်၌ တရုတ်ပြည်တွင်း အမှတ်တံဆိပ်များသည် နိုင်ငံခြားကား ထုတ်လုပ်သူများထံမှ ဈေးကွက်ဝေစုကို ပိုမိုရယူနိုင်ခဲ့ပြီး လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်မှုအခန်းကဏ္ဍကို ခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံ၌ လျှပ်စစ်သီးသန့်မော်တော်ယာဉ်နှင့် ဟိုက်ဘရစ်မော်တော်ယာဉ် စုစုပေါင်း ၁၃ သန်းနီးပါး ရောင်းချခဲ့ရပြီး ၎င်းမှာ စုစုပေါင်းဈေးကွက်၏ ၅၄ ရာခိုင်နှုန်းရှိသည်။

တက်စလာမှလွဲ၍ ထိပ်တန်း လျှပ်စစ်ကားထုတ်လုပ်သူများသည် ဘီဝိုင်ဒီနှင့် ဂျီလီကဲ့သို့သော တရုတ်ကုမ္ပဏီများဖြစ်ကြသဖြင့် လျှပ်စစ်ကားကဏ္ဍသို့ ကူးပြောင်းမှုသည် တရုတ်အမှတ်တံဆိပ်များအား ခရီးသည်တင်ယာဉ်ဈေးကွက်၏ သုံးပုံနှစ်ပုံခန့်ကို ရယူနိုင်ရန် အထောက်အကူဖြစ်စေခဲ့သည်။

လျှပ်စစ်ကားနှင့် ဟိုက်ဘရစ်ကားများ ရောင်းချရမှုသည် တရုတ်နိုင်ငံတွင် ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ၎င်းမှာ ဓာတ်ဆီသုံးမော်တော်ယာဉ်များမှ ကူးပြောင်းမှုနှုန်း နှေးကွေးနေသည့် အမေရိကန်နှင့် ဥရောပဒေသတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

တရုတ်အမှတ်တံဆိပ်များသည် နည်းပညာမြင့်စနစ်များတွင် အားကောင်းကြပြီး ထုတ်ကုန်အသစ်များ အဆင့်မြှင့်တင်ရာတွင်လည်း ပိုမိုမြန်ဆန်ကြောင်း သောကြာနေ့၌ ၂၀၂၅ ခုနှစ် အရောင်းအချက်အလက်များကို ထုတ်ပြန်ခဲ့သည့် တရုတ်ခရီးသည်တင်ယာဉ်များအသင်း၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ချွေတုန်းရှုက ပြောကြားသည်။

ယေဘုယျအားဖြင့် တရုတ်ကုမ္ပဏီများသည် နိုင်ငံခြားအမှတ်တံဆိပ်များထက် ပိုမိုထင်ရှားသော အားသာချက်များကို ဆက်လက်ရရှိထားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# STOP AIDS

## မလေးရှား၌ရှေ့တူးဖော်ရေးအချက်အချာဖြစ်ခဲ့သည့် ရောင်းဘ်မြို့ မူဆန်းကင်းဒူးရင်းသီးများ ထွက်ရှိရာအရပ်အဖြစ် ပိုမိုကျော်ကြားလာ

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၁**

၁၉ ရာစုနှစ်အတွင်း မလေးရှားနိုင်ငံ၏ ရွှေတူးဖော်ရေးမြို့တစ်မြို့ဖြစ်ခဲ့သည့် ရောင်းဘ်မြို့သည် မကြာသေးမီနှစ်များအတွင်း၌ စီးပွားရေးအရ အသွင်သဏ္ဍာန်အသစ်ဖြင့် ပြန်လည်ဦးမော့လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ရှိတွင် အဆိုပါမြို့သည် တရုတ်လူမျိုးတို့က ပြင်သစ်ဖက်ရှင်အမှတ်တံဆိပ်ကဲ့သို့ တန်ဖိုးထားကာ "ဒူးရင်းသီးလောက၏ ဟားမက်စ်"ဟု တင်စားခေါ်ဝေါ်ကြသည့် ထောပတ်ကဲ့သို့ နူးညံ့ကာ အရသာရှိသော မူဆန်းကင်းဒူးရင်းသီးများ ထွက်ရှိရာအရပ်အဖြစ် ပိုမိုကျော်ကြားလာသည်။

ရောင်းဘ်မြို့သည် တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ဒူးရင်းသီးဈေးကွက် အပြိုင်အဆိုင်ဖြစ်လာသည့် အရှေ့တောင်အာရှရှိ မြို့များထဲမှ တစ်မြို့ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ဒူးရင်းသီးတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၇ ဘီလီယံ (ပေါင် ၅ ဒသမ ၂ ဘီလီယံ)ဖိုးအထိ စံချိန်တင်ခဲ့ပြီး ၎င်းသည် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက သုံးဆခန့် မြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဒူးရင်းသီးတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံသို့ ဦးတည်လျက်ရှိသည်။

တရုတ်လူမျိုး စုစုပေါင်း၏ ၂ ရာခိုင်နှုန်းခန့်ကသာ ဒူးရင်းသီး ဝယ်ယူလိုလျှင်ပင် စီးပွားရေးအရ လုံလောက်မှုရှိကြောင်း ရောင်းဘ်မြို့ရှိ ဖရက်စကိုဂရင်းဒူးရင်းသီးတင်ပို့ရေးလုပ်ငန်းမှ စက်ရုံမန်နေဂျာဖြစ်သူ ချီးဆင့်ဝေါင်က ပြောကြားသည်။

၁၉၉၀ ပြည့်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့သော စီးပွားရေးကျဆင်းမှုကာလတွင် တောင်သူများသည် နိုင်ငံ၏ အဓိကစီးပွားဖြစ်သီးနှံဖြစ်သော ဆီအုန်းပင်များစိုက်ပျိုးရန် ဒူးရင်းပင်များကို ခုတ်လှဲခဲ့ကြဖူးကြောင်း သိရသည်။

**Mon**



## ၂၇နှစ်ကြာ မိုင်ပေါင်း ၃၆၀၀၀ ကမ္ဘာတစ်ပတ်လမ်းလျှောက်ခရီးစဉ်ကို ဗြိတိန်လေထီးစစ်သည်ဟောင်း ကာလ်ဘတ်ရှ်ဘီ အဆုံးသတ်တော့မည်

**လန်ဒန် ဇန်နဝါရီ ၁၁**

ဗြိတိန်လေထီးစစ်သည်ဟောင်းဖြစ်သူ ကာလ်ဘတ်ရှ်ဘီသည် ၎င်း၏ မိုင်ပေါင်း ၃၆၀၀၀ (ကီလိုမီတာ ၅၈၀၀၀) ရှည်လျားသော လမ်းလျှောက်ခရီးစဉ်၏ နောက်ဆုံးပန်းတိုင်သို့ ရောက်ရှိမည့်လမ်းကြောင်းကို ရေးဆွဲခဲ့ကြောင်း သိရသည်။

၎င်းသည် ၁၉၉၈ ခုနှစ် နိုဝင်ဘာလအတွင်း တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံမှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး မည်သည့်သယ်ယူပို့ဆောင်ရေးယာဉ်ကိုမျှ အသုံးမပြုဘဲ ၂၀၁၂ ခုနှစ်တွင် မိမိ၏ နေရပ်ဖြစ်သော ဟားလ်မြို့သို့ ရောက်ရှိရန် မျှော်မှန်းခဲ့ခြင်းဖြစ်သည်။

၎င်းသည် ခရစ္စမတ်ကာလမတိုင်မီက ဩစတြီးယားနယ်စပ်နှင့် လမ်းလျှောက်ပါက ရက်အနည်းငယ်သာ လိုတော့သည့် ဟန်ဂေရီနိုင်ငံရှိ ကျော်မြို့သို့ ရောက်ရှိခဲ့ကာ အောက်တိုဘာလအတွင်း မိသားစုနေအိမ်၌ မိခင်ဖြစ်သူ အန်ဂျလာနှင့် ပြန်လည်ဆုံတွေ့နိုင်ရန် မျှော်လင့်ထားသည်။

ပြည်ဝင်ခွင့်ဗီဇာစည်းမျဉ်းသတ်မှတ်ချက်များကြောင့် လအနည်းငယ်ကြာတိုင် သွားရောက်နားနေရသည့် မက္ကစီကိုနိုင်ငံမှနေ၍ ဘတ်ရှ်ဘီက ၎င်း၏ခရီးစဉ်ကို ဟန်ဂေရီနှင့် ဩစတြီးယားနယ်စပ်အနီး၌ မတ်လတွင် ပြန်လည်စတင်မည်ဖြစ်သည်ဟု ပြောကြားခဲ့ပြီး ယင်းခရီးစဉ်ကို အပြီးသတ်ရန် လိုအပ်သော်လည်း စိတ်ခံစားမှုအမျိုးမျိုးဖြစ်ပေါ်နေသည်ဟု ထည့်သွင်းပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စူပါမန်းဇာတ်ကောင် ပထမဆုံးပါဝင်သည့် ရုပ်ပြစာအုပ် စုဆောင်းသူတစ်ဦးက ဒေါ်လာ ၁၅ သန်းဖြင့် ဝယ်ယူ



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

၁၉၃၈ ခုနှစ်က ထွက်ရှိခဲ့ပြီး ကမ္ဘာပေါ်သို့ စူပါမန်းဇာတ်ကောင်ကို စတင်မိတ်ဆက်ပေးခဲ့သည့် ရှားပါးကုမ္ပဏီထုတ် ရုပ်ပြစာအုပ်တစ်အုပ်ကို အမည်မဖော်လိုသူ စုဆောင်းသူတစ်ဦးက အမေရိကန်ဒေါ်လာ ၁၅ သန်း (ပေါင် ၁၁ ဒသမ ၂ သန်း) ဖြင့် ဝယ်ယူခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မင်းသား နီကိုးလပ်စ်ကေ့ဂျ်၏ နေအိမ်မှ ခိုးယူခံခဲ့ရပြီး ဆယ်စုနှစ်တစ်ခုကျော်အကြာတွင် ပြန်လည်ရရှိခဲ့သည့် အဆိုပါ အက်ရှင်ရုပ်ပြအမှတ် ၁ မိတ္တူကို သီးသန့်အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ယခင်က ရုပ်ပြစာအုပ်တစ်အုပ်၏ အမြင့်ဆုံးစံချိန်တင် ရောင်းဈေးမှာ လွန်ခဲ့သော နိုဝင်ဘာလအတွင်းက စူပါမန်း အမှတ် ၁ မူရင်းရုပ်ပြစာအုပ်ကို လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂ သန်းဖြင့် ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုရောင်းချမှုနှစ်ခုလုံးသည် မူလထုတ်ဝေစဉ်က ဈေးနှုန်းဖြစ်သည့် ၁၀ ဆင့် (ယနေ့ခေတ်ကာလတန်ဖိုးအရ ၂ ဒသမ ၂၅ ဒေါ်လာခန့်) ထက် များစွာသာလွန်လျက်ရှိသည်။

အက်ရှင်ရုပ်ပြအမှတ် ၁ သည် ယနေ့ခေတ်တွင် လူသိများသည့် စူပါဟီးရိုးအမျိုးအစားကဏ္ဍသစ်ကို စတင်ဖွင့်လှစ်ပေးခဲ့သည်ဟု ယူဆရပြီး စူပါမန်းဇာတ်ကောင် ပထမဆုံးပါဝင်သည့် ဇာတ်လမ်းများစွာကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ အဆိုပါ ရုပ်ပြစာအုပ်မိတ္တူပေါင်း ၁၀၀ အောက်သာ လက်ရှိတွင် ကျန်ရှိတော့သည်ဟု ယူဆရကြောင်း သိရသည်။

**Mon**

## နှစ်သစ်ကူးကာလ ပြည်ပသို့ထွက်ခွာမည့် တရုတ်ခရီးသွားများအတွက် တောင်ကိုရီးယားနိုင်ငံက ရေပန်းအစားဆုံးနေရာအဖြစ် ပြောင်းလဲလာ

**ဆိုးလ် ဇန်နဝါရီ ၁၁**

ဆိုးလ်မြို့၏ ဆောင်းရာသီပွဲတော်များသည် တိုကျိုမြို့၏ ထင်ရှားကျော်ကြားသော အထိမ်းအမှတ်ပွဲများကို ကျော်လွန်သွားခဲ့ပြီး ပြည်ပသို့ထွက်ခွာမည့် တရုတ်ခရီးသွားများအတွက် နှစ်သစ်ကူးကာလ၌ ရေပန်းအစားဆုံးနေရာအဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တော်၏ နှစ်ရှည်လများ စိုးမိုးထားမှုကို ရုတ်တရက် အဆုံးသတ်စေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ရုံးပိတ်ရက်ကာလအတွင်း တရုတ်ပြည်မကြီးမှ ခရီးသွားများ ပြည်ပသို့ အများဆုံးသွားရောက်ရာ နေရာအဖြစ် တောင်ကိုရီးယားနိုင်ငံက ထိပ်ဆုံးမှထွက်ပေါ်လာပြီး တစ်ချိန်က အမြဲတမ်းအကြိုက်ဆုံးဖြစ်ခဲ့သည့် ဂျပန်နိုင်ငံမှာမူ ထိပ်တန်းနေရာ ၁၀ ခုစာရင်းမှ လုံးဝထွက်ခွာသွားခဲ့ကြောင်း အဓိက ခရီးသွားလုပ်ငန်းအေဂျင်စီအများအပြားက အစီရင်ခံတင်ပြသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ပလက်ဖောင်းများနှင့် လေကြောင်းလိုင်းဆိုင်ရာ လေ့လာဆန်းစစ်သူများ၏ အချက်အလက်များအရ တရုတ်ခရီးသွားများသည် ကေပေါ့ပ်ယဉ်ကျေးမှုထွန်းကားရာ တောင်ကိုရီးယားနိုင်ငံဘက်သို့ သိသိသာသာ ယိမ်းယိုင်လာသည်ကို တွေ့ရှိရသည်။

နှစ်သစ်ကူးကာလအတွင်း တောင်ကိုရီးယားသို့ ခရီးစဉ်ကြိုတင်မှာယူမှုများသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၆၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး လေယာဉ်လက်မှတ်မှာယူမှု ၄၂ ရာခိုင်နှုန်းနှင့် ဟိုတယ်အခန်းကြိုတင်မှာယူမှု ၉၁ ရာခိုင်နှုန်းအထိ အသီးသီး ထိုးတက်လာခဲ့သည်ဟု ဆိုသည်။

တရုတ်ခရီးသွားများ အဓိကသွားရောက်သည့် နေရာငါးခုမှာ ဆိုးလ်၊ ဂျယ်ဂျူ၊ ဘူဆန်၊ အင်ချွန်းနှင့် ဆီယိုဂီပိုမြို့တို့ဖြစ်ကြောင်းနှင့် တောင်ကိုရီးယားနိုင်ငံကို ရွေးချယ်ကြသည့် ခရီးသွားအများစုမှာ အသက် ၂၅ နှစ်မှ ၃၀ နှစ်ကြားရှိ အတွေ့အကြုံသစ်များကို ရှာဖွေလိုသည့် လူငယ်များဖြစ်ကြောင်း သိရသည်။

**Mon**



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ



**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်၊ လူရွယ် ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို အ.လ.က(ချောင်းဖြူ)ကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အ.လ.က(ချောင်းဖြူ)ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က လူငယ်ရေးရာ အသိပညာပေးဟောပြောရာတွင် "ပညာတတ်ဖို့ စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ကျောင်းသူများအတွက် လူငယ်များ စာအုပ်၊ စာပေ ဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးရန်လင်းအောင်က အားကစားဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိက အ.လ.က(ချောင်းဖြူ) ကျောင်းအတွက် အားကစားလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံခဲ့ပြီးနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်အသိပညာပေး မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု၊ ကလေးအလုပ်သမားပပျောက်ရေး အစရှိသည့် နံရံကပ်စာစောင်နှင့် သုတ၊ရသစာအုပ်များ ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာကြသော အ.လ.က(ချောင်းဖြူ) ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက Fitness Dance သရုပ်ပြသမှုနှင့်အတူ အားကစားဆိုင်ရာ ကာယလေ့ကျင့်ခန်းများကို ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*-*-*



# အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေး

**ကျောက်ဆည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီက မင်းရပ် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးပေးရာတွင် ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ကျေးရွာများတွင် ဆေးထိုးစခန်းများခွဲပြီး အပတ်စဉ်နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသော အကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ) ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါများမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ကျောက်ဆည်မြို့နယ်အတွင်းရှိ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ကျေးရွာများရှိ စခန်းအသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

*-*-*-*-*-*-*

# မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နည်းပညာပေးသင်တန်း ဆောင်ရွက်

**ရွှေဘို ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်တွင် မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ နည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီတွင် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက အဖွင့်စကား ပြောကြားခဲ့ပြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားရာ "ရွှေဘိုမြို့နယ်အတွင်း မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရောင်းချနိုင်ရေးနှင့် တောင်သူများ နစ်နာမှုမရှိစေရေးအတွက် အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီသော မြေသြဇာပိုးသတ်ဆေးများ ရောင်းချနိုင်ရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက မြေသြဇာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအကြောင်းကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်က မျိုးစေ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအကြောင်းကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဌေးအောင်က ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို သင်တန်းပို့ချခဲ့ကြပြီး အဆိုပါသင်တန်းသို့ မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးအရောင်းဆိုင်ပေါင်း ၄၃ ဆိုင်မှ ဆိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

**စိမ်းလန်းလှပစေဖို့**
**သန့်ရှင်းသော**
**ကမ္ဘာမြေကို**
**စောင့်ရှောက်စို့ ။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ့


## ဆောင်းအလှ

* ပြာသိုရယ် ဆန်းပြန်တော့
နှာညိုပန်း မွှေးရနံ့ကြိုင်
သဇင်ခိုင် တော်ဝင်ပန်းရယ်က
ပွင့်လန်းလို့ မြိုင် ။

* အလှခြင်းရယ် အတူပြိုင်
ဘယ်သူနိုင် ရွေးရန်ခက်
ခဝဲပန်း ဝါဝါဝင်း
ရွှေရောင် လင်းလက် ။

* ငွေနှင်းမှုန် ပုလဲစက်
ကြဲပက်ပေါ့ ဒီချိန်ခါ
မြောက်ပြန်လေ ဆောင်ယူသွင်း
ဇမ္ဗူတွင်း အေးမြလို့သာ
ကောက်နံ့တို့ ဝင်းဝါဝါ
ပျော်ရွှင်စွာ ရိတ်သိမ်း
အလှူပွဲ စဉ်အလာ
တူယှဉ်ခါ ဆင်ယင်နွှဲ
လှည်း မြင်း ယဉ် ဆင် အတန်းတွေနဲ့
ရွှင်လန်းတဲ့ပွဲ ။ ။

မြင့်သိန်း(ပညာရေး)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၉၀၁)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၆၃၃)ဧက အကျယ်အဝန်းရှိ ဦးရှိန်မြင့်၊ ဦးမြင့်ကြည်တို့ အမည်ပေါက်ရှိသော ဂရန်မြေကွက်အတွင်းမှ ခွဲစိတ်ပြဧရိယာ(၀ ဒသမ ၁၀၅၅ + ၀ ဒသမ ၁၀၅၅)ဧကရှိ ဂရန်မြေကွက်များ မြေသက်သက်တို့နှင့် ယင်းမြေကွက်တို့ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသော SHWIN HWA (အဘ) ဦးရန်ရင်ပန်း(၁/မကတ(ပြု)၀၀၀၀၁၇)၊ ဒေါ်ဇူဇန်ဝင်းအောင်(အဘ)ဦးဝင်းအောင် (၉/အမဇ(ပြု)၀၀၀၁၇၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတို့က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**(ဦးအောင်မြင့်) တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**
**ဦးချစ်ညီညီ (LL.B)   ဦးဆွေသန့်ဝင်း (LL.B)**
**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**
**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၉-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ တသစန်းမြင့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇင်မောင်ဦး(အဘ)ဦးအံ့ထော်နီ(၁၂/ဗတထ(နိုင်)၀၀၉၅၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးအေးခိုင်
တရားလွှတ်တော်ရှေ့နေ
အမှတ်(ဆ-၇ /ဝ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)၊
မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၄)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်ငွေရှင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၈၁၉/၂၀၂၃)အရ လက်ခံဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်း(အဘ)ဦးချိန်မြင့်တဲ့(၉/မရမ(နိုင်)၀၅၃၃၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးအေးခိုင်
တရားလွှတ်တော်ရှေ့နေ
အမှတ်(ဆ-၇ /ဝ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)၊
မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀

## (၃-၁-၂၀၂၆)ရက်စွဲပါ ဦးစိုးလွင်နှင့် အများသိစေရန် အသိပေးကြေညာခြင်းနှင့်ပတ်သက်၍ အများသိစေရန် ရှင်းလင်းငြင်းဆိုခြင်းနှင့် ကန့်ကွက်ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ အိမ်အမှတ်(၄၅)နေ ဦးစိုးလွင်(အဘ)ဦးအီစမိုင်အင်(၉/မရမ(နိုင်)၀၅၀၇၁၄)၏ လွှဲအပ်ချက်အရ ၎င်း၏ရှေ့နေဖြစ်သူ ဒေါ်ရွှန်းလဲ့လဲ့ရီက (၃-၁-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)တွင် ထည့်သွင်းကြေညာခဲ့သော 'အများသိစေရန် အသိပေးကြေညာခြင်း'နှင့်ပတ်သက်၍ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၀၀)နေ (၁)ဦးထွန်းလွင်၊ (၂)ဒေါ်ရီရီလွင်၊ (၃)ဦးညီညီလွင်၊ (၄)ဦးသန်းလွင်၊ (၅)ဦးသိန်းလွင်တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းငြင်းဆို အသိပေးကြေညာလိုက်သည်။

၁။ ဦးစိုးလွင်သည် (၁၀-၈-၂၀၂၀)ရက်တွင် ညီဖြစ်သူ ဦးညီညီလွင်အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ်(၃၉၆၀/၂၀၂၀)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ အဆိုပါ GP လွှဲအပ်ခြင်းသည် ဦးစိုးလွင်၏ ကိုယ်ကျိုးစီးပွားသက်သက်အတွက် ဆောင်ရွက်ရန်မဟုတ်ဘဲ၊ မိဘများဖြစ်ကြသော ဦးအီစမိုင်အင်နှင့် ဒေါ်ရာလ်ဆူဘီတို့ ကွယ်လွန်ပြီးနောက် ကျန်ရစ်သော အမွေပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချခြင်းနှင့် အမည်ပြောင်းလဲခြင်း လုပ်ငန်းစဉ်များကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ညီအစ်ကိုမောင်နှမများအားလုံး၏ အကျိုးအတွက် ဦးစိုးလွင် အပါအဝင် ညီအစ်ကိုမောင်နှမအားလုံး၏ သဘောတူညီချက်ဖြင့် လွှဲအပ်ခဲ့ခြင်း ဖြစ်သည်။

၂။ ဦးစိုးလွင်သည် မိဘအမွေပစ္စည်းများနှင့်ပတ်သက်၍ (၁၁-၈-၂၀၂၀)ရက်စွဲပါ ဝန်ခံကတိစာချုပ်၊ (၁၃-၁၂-၂၀၂၀)ရက်စွဲပါ ဝန်ခံကတိစာချုပ်နှင့် (၅-၆-၂၀၂၁)ရက်စွဲပါ ဝန်ခံကတိစာချုပ်များအရ ရသင့်ရထိုက်သော အမွေဝေစုငွေကြေးအားလုံးကို အကြိမ်ကြိမ် ခွဲဝေရယူပြီးဖြစ်သည့်အပြင်၊ 'နောက်နောင် အမွေဝေစုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တောင်းခံခြင်း၊ ကန့်ကွက်ခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ပါ'ဟု ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ အမွေမှုကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များ ပြီးပြတ်အောင် ဆောင်ရွက်ရန် ကျန်ရှိနေသေးသဖြင့် ၎င်းလွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)ကို မိမိတစ်ဦးတည်း သဘောဆန္ဒဖြင့် ရုပ်သိမ်းခွင့်၊ ပယ်ဖျက်ခွင့် မရှိကြောင်းနှင့် GP မူရင်း လက်ဝယ်ရှိသူ ဦးညီညီလွင်နှင့် ကျန်မောင်နှမများက သဘောတူညီမှုမရှိဘဲ တစ်ဖက်သတ် အထွေထွေကိုယ်စားလှယ်ပါဝါရုပ်သိမ်းကြောင်းနှင့် အထွေထွေကိုယ်စားလှယ်ပါဝါမိတ္တူမှုန်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာခြင်းသည် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်ကြောင်း အတိအလင်း ငြင်းဆိုကန့်ကွက်ပါသည်။

၄။ ထို့အပြင် ဦးစိုးလွင်အနေဖြင့် မိမိရသင့်သော အမွေဝေစုထက်ပိုသော အခကြေးငွေများနှင့် ရပိုင်ခွင့်များကို ရယူပြီးဖြစ်ပါလျက် ယခုကဲ့သို့ မမှန်ကန်သော ကြေညာချက်များဖြင့် လုပ်ငန်းစဉ်များကို နှောင့်နှေးအောင် ပြုလုပ်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းများကြောင့် ကျွန်ုပ်မိတ်ဆွေများတွင် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဦးစိုးလွင်ကသာ အပြည့်အဝ တာဝန်ယူပေးလျော်ရမည်ဖြစ်ကြောင်းနှင့် ခွင့်လွှတ်ရန်မရှိ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကန့်ကွက် ကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

❖ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာမည်ဖြစ်...

❖ သစ်၊ ဝါး၊ ကြိမ်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## PDF အမည်ခံအကြမ်းဖက်သမားများက ဆင်ဖြူကျွန်းမြို့ နွယ်တမယ်ကျေးရွာရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အားသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ ။

နေပြည်တော် ဇန်နဝါရီ ၁၁

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည့်အပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုက လိုလားလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး ၎င်းတို့၏ အကျိုးစီးပွားကို ရှေ့တန်းတင်လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏

စာမျက်နှာ ၁၀ သို့

## သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဘိန်းခင်းများဖျက်ဆီးခြင်း၊

စာမျက်နှာ ၉ သို့

မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့် လုပ်ငန်းသုံးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



## အာဆင်နယ်အသင်းက ပို့စ်မောက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ



**လန်ဒန် ဇန်နဝါရီ ၁၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ပို့စ်မောက်အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၈မိနစ်တွင် ဒေါ့ဖယ်လ်(OG)၊ ပွဲချိန် ၂၅ မိနစ်၊ ၅၁မိနစ်၊ ၇၂မိနစ်တွင် မာတင်နယ်လီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် အင်္ဂလိပ်အက်ဖ်အေဖလား စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့သလို၊ ကာရာဘောင်းလိဂ်ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သလို၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ၆ပွဲကစား ရမှတ် ၁၈မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သလို၊ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ၂၁ပွဲကစားပြီး ရမှတ် ၄၉မှတ်ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီ ဖလား(၄)လုံးရယူနိုင်မည့် လမ်းကြောင်းပေါ် ရောက်ရှိနေခဲ့ပြီဖြစ်သည်။ **နိုင်ကမ္ဘာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၆)တွင် မိုချန်ဂလာဘတ်၊ ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲကိုယ်စီရယူ

**မြူးနစ် ဇန်နဝါရီ ၁၁**

ဂျာမန်ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် မိုချန်ဂလာဘတ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အသီးသီးနိုင်ပွဲကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီက မိုချန်ဂလာဘတ်အသင်းနှင့် အော့စ်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုချန်ဂလာဘတ်အသင်းက အော့စ်ဘတ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက ဘိုင်ယန်မြူးနစ်အသင်းနှင့် ဝုဖ်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်အသင်းက ဝုဖ်ဘတ်အသင်းကို ရှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးရှစ်ဂိုးကို ပွဲချိန် ၅မိနစ်တွင် ကီလီယန်(OG)၊ ပွဲချိန် ၃၀မိနစ်တွင် ဒီယက်ဇ်၊ ပွဲချိန် ၅၀မိနစ်နှင့် ၇၆မိနစ်တွင် အိုလီဆေး၊ ပွဲချိန် ၅၃မိနစ်တွင် ဂျန်ဇ်(OG)၊ ပွဲချိန် ၆၈မိနစ်တွင် ဂွါရဲရို၊ ပွဲချိန် ၆၉မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၈၈မိနစ်တွင် ဂိုရက်ဇ်ကာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆) အပြီးတွင် ဘိုင်ယန်မြူးနစ်အသင်းက ရမှတ် ၄၄မှတ်ဖြင့် အဆင့် (၁)နေရာ၊ မိုချန်ဂလာဘတ်အသင်းက ရမှတ် ၁၉မှတ်ဖြင့် အဆင့်(၁၀)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။

**(NGB)**

၀-၀-၀-၀

